မနိုးရုံးကျေးရွာ

ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်း



ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၁-၂၀၂၂ ခု ဖလ)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ခဲချောင်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

၁။ စကားချီး .....

၂။ ရည်ရွယ်ချက် .....

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ .....

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား .....

(ခ) သဘာဝအရင်းမြစ်များ .....

၄။ စီမံကိန်းဧယားများ .....

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ .....

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ .....

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား .....

(၁.၃) သဘာဝ ရင်းမြစ်များ .....

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ .....

(၁.၅) ထိခိုက်လွယ်မှု .....

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ .....

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ .....

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ .....

(၂.၃) ရွှေ့ပြောင်းလုပ်သားများ .....

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက် .....

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း .....

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု .....

(၂.၇) ပညာရေး .....

(၂.၈) ကျန်းမာရေးနှင့် အာဟာရ .....

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး .....

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ .....

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ .....

(၂.၁၂) လျှပ်စစ်မီးရရှိမှု .....
(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ .....
(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး .....
(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ .....
၅။နောက်ဆက်တွဲများ .....

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များ တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိလာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏာန်းအချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၁ **ခဲချောင်းကျေးရွာ**

အုပ်ပြင်းမြို့နယ်

၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်မအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လို သည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။


ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူ အားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ခဲချောင်းကျေးရွာသည် ကုန်းမြေရွာဖြစ်ပြီး ဘုတ်ပြင်းမြို့မှ ၆၂ မိုင်ကွာဝေးပါသည်။ ရွာ၏ မြောက်ဘက်တွင် လေညာမြစ်ရှိပြီး၊ ရှေ့ နောက်၊ တောင်ဘက်များတွင် သစ်တောများနှင့် ဥယျာဉ်ခြံများလည်း တည်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရာသီမရွေးသွားလာနိုင်ပြီး တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်သို့ ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးနံဘေးတွင် တည်ရှိသကြောင့် ဖြစ်သည်။ ရာသီဥတုအခြေအနေမှာ ဘုတ်ပြင်းမြို့နှင့် အလားတူဖြစ်ပြီး မိုးများသောကျေးရွာဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း
ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



(ခ) သဘာဝအရင်းမြစ်များ

ရွာတွင်းတွင် လက်တူးတွင်းများနှင့် စမ်းချောင်းများရှိသော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိခြင်း အခက်အခဲများကြုံတွေ့ရပါသည်။ မနိုးရုံးကျေးရွာတွင် သစ်တောဖုံးလွှမ်းမှု အနည်းငယ်ရှိနေပြီး ရေရရှိမှုနည်းပါးပါသည်။

အရင်းမြစ်ပြမြေပုံ



၄။ စီမံကိန်းဧယားများ

ကျေးရွာ- ခဲချောင်း **အုပ်စု**-မနိုးရုံး **ရက်စွဲ**- ၁၁၂၂၀၂၁

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဧယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**	**စုစုပေါင်း၏%**
၁ နှစ် အောက်	နို့စို့အရွယ်	၅	၉	၁၄	၃.၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၀	၃၀	၅၀	၁၁.၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၃	၂၆	၅၉	၁၃.၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၂၀	၂၄	၄၄	၁၀.၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၅	၁၃၁	၂၅၆	၅၉.၃
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂	၇	၉	၂
စုစုပေါင်း လူဦးရေ = ၄၃၂		**၂၀၅**	**၂၂၇**	**၄၃၂**	**၁၀၀**
စုစုပေါင်း အိမ်ထောင်စု - ၈၈		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၉**			

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အိမ်ထောင်စု (၈၈) စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၄၃၂) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၉) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၅၉.၃% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေ စုစုပေါင်း ၄၀% ကျော်သည်မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၉) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် ညီမျှနေပါ သည်။ သို့သော်လည်း ကျေးရွာ အတွင်း လုပ်အား အရင်းအမြစ် ရှိသည်ဖြစ်သောကြောင့် အလုပ်အကိုင်အခွင့် အလမ်းများ တိုးတက်လာလျှင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၇၆	၈၆.၄	၁၂၀	၁၀	လတ် (ဥယျာဉ်ခြံ)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၇	၈	၈	၁	နိမ့်(တောခုတ်၊ကွမ်းသီးကောက်)
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၃	နိမ့်(ဝက်၊ကြက်၊ဘဲစသည်)တစ်နိုင်တစ်ပိုင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊	-	-	-	-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၁	လတ်(လက်သမား)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၁	၁	-	နိမ့်(ဝေါ့ရှော့)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၃.၄	၄	၃	နိမ့်-လတ် (ကုန်စုံဆိုင်၊ ဈေးရောင်း)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	၁	လတ် (ယာဉ်မောင်း)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	လုပ်ငန်း)					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	(နိမ့်) စစ်မှုထမ်း
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	၁	နိမ့် (ဆရာမ)
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၁	၁	-	လတ်(အရံသားဖွားဆရာမ)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	နိမ့် (ထိုင်း၊ မလေးရှား)
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	-	-	-	
၂၁	**အခြား**	-	-	-	၂	လတ်(စပါးကြိတ်)
	စုစုပေါင်း	**၈၈**	**၁၀၀**	**၁၃၄**	**၂၃**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၂၅၆) ဦးဖြစ်ပြီး ကျား (၁၂၅) ဦး နှင့် မ (၁၃၁) ဦးရှိသောကြောင့် အမျိုးသား လုပ်သားအင်အားမှာ (၂) ရာခိုင်နှုန်းကျော်ခန့်ပိုမိုပါသည်။ ခဲချောင်းကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်ကို တွေ့ရှိရပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၈၆.၄% ရှိသည်ကိုတွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ရပ်တည်နိုင်မှုသည် အလယ်အလတ်အဆင့်တွင်ရှိပါသည်။ စိုက်ပျိုးနည်းပညာအားနည်းခြင်းနှင့် ငွေအရင်းအနှီးများပြား စွာမစိုက်ထုတ်နိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် ရပ်တည်နိုင်မှုမှာ အလယ်အလတ်အဆင့် သာရှိခြင်းဖြစ်သည်။ ထိုကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးသူတို့သည် စိုက်ပျိုးမြေချဲ့ထွင်ရန်ကိုယ်ပိုင်မြေလွတ် မြေရိုင်းများရှိရာ ခုတ်ထွင်ရှင်းလင်းပြီးကာစ ပထမနှစ်များတွင်တောင်ယာစပါးစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ ကောင်းမွန်အောင် ပြုလုပ်၍ ကျန်နှစ်များတွင် ကွမ်းစသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် စိုက်ပျိုးမြေများကို အနည်းငယ်စီ တိုးချဲ့လုပ်ဆောင်ကြသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	စိုက်ပျိုးရေးလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	-	-	ကွမ်းခြံအငှားစိုက်

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
		နေ့စား	၈၀၀၀	၅၀၀၀	-	-	တောခုတ်(လက်)
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	တစ်နိုင်တစ်ပိုင်မွေး
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား	-	-	-	-	မရှိပါ။
၄	သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၇၀၀၀	၆၀၀၀	-	-	ကျောက်၊သဲကားအငှားလိုက်ခြင်း
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	မရှိပါ။
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-	မရှိပါ။
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	မရှိပါ။
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-	တစ်နိုင်တစ်ပိုင်
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-	မရှိပါ။
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	မရှိပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(ဘ) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အမျိုးသား အမျိုးသမီး လုပ်အားတူမျှမှု မရှိသောကြောင့် လုပ်အားခ တန်းတူ မရရှိပေ။ စက်ဖြင့်အဋ္ဌားတောခုတ်လျှင် တစ်ရက်(၁၀၀၀၀)ကျပ် ကုန်ကျပါသည်။ ကွမ်းသီး ကောက်ခြင်း လုပ်ငန်းကို အမျိုးသမီးများအဋ္ဌား လိုက်ကြပြီး တစ်ရက်လျှင် (၅၀၀၀)ကျပ်အနည်းဆုံး ရရှိပါသည်။ ကွမ်းသီးခူးခြင်းလုပ်ငန်းကို အမျိုးသားများအဋ္ဌားလိုက်ကြပြီး တစ်ရက်လျှင် (၁၀၀၀၀) ခန့်ရရှိကာ၊ ကွမ်းသီးအိတ်ထမ်းလျှင် (၆၀၀၀)ခန့်ရရှိပါသည်။ ကျပန်း အလုပ်သမားများသည် တစ်ရက်လျှင် အနည်းဆုံး လုပ်အားခ(၅၀၀၀)ခန့် ရရှိမှသာလုပ်ကိုင်ကြပါသည်။ ခဲချောင်းကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးသူများသည် စားဝတ်နေရေးဖူလုံမှုအတွက် ကျပန်းအလုပ်ကို တွဲဖက်လုပ်ကိုင်သူ များပါသည်။ ထိုကျေးရွာတွင် စက်ကိရိ ယာပြင်ဆင်သည်မှာ တစ်ဆိုင်တည်းသာရှိပြီး အဋ္ဌားခေါ်ယူခြင်း မျိုးမရှိပါ။ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်သူများလည်း ကျေးရွာ တွင်မရှိပါ။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့)**	**ရေအရင်းအမြစ်**
လယ်မြေ	၁၀၁	ညံ့	ချောင်းရေ/မိုးရေ
ယာမြေ	-	-	-
တောင်ယာမြေ	၁၂၅	သင့်	ချောင်းရေ/မိုးရေ
ဥယျာဉ်ခြံမြေ	၇၁၇	ကောင်း-သင့်	ချောင်းရေ/မိုးရေ
လယ်မြေ	၁၀၁	သင့်	မိုးရေ
ဓနိတောမြေ	၄၀	ကောင်း	ချောင်းရေ/မိုးရေ
စားကျက်မြေ	-	-	-
ပလပ်မြေ	-	-	-
စုစုပေါင်း	**၉၈၃**		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

မှတ်ချက်။ ။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် စပါးစိုက်ပျိုးရန်လယ်မြေများရှိသော်လည်း စိုက်ပျိုးကြခြင်းမရှိပါ။ ထိုလယ်များကိုမစိုက်ပျိုးခြင်း အကြောင်းအရင်းမှာ တခါတရံ ရေငန်ဝင်တတ်ခြင်း၊ စပါးအဖျက်ပိုးများကျတတ်ခြင်း၊ လယ်ထွန်ရန် ကျွဲ၊နွား ငှားခများမြင့်မားခြင်း၊ အိမ်တွင်းတွင် လုပ်သား အင်အားမများသဖြင့် အချိန်မပေးနိုင်သဖြင့် မစိုက်ပျိုးခြင်းဖြစ်သည်။ ဓနိတောမြေများပိုင်ဆိုင်ကြသော်လည်း အသုံးပြုကြခြင်းမရှိကြပါ။ ဓနိတောထွက်ပစ္စည်းများကို ရောင်းချရန် ဈေးကွက်များမရှိခြင်းကြောင့် မိမိတို့ ပိုင်ဆိုင်သော ဓနိတောများကို အသုံးချ၍ အသက်မွေးဝမ်းကျောင်းပြုခြင်းများမရှိကြပါ။ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်အဖြစ် ချောင်းရေရှိသော်လည်း ငွေကြေးတတ်နိုင်မှုမရှိသဖြင့် မိုးရာသီတွင်မိုးရေကို အသုံးပြု၍ စိုက်ပျိုးကြသည်။ တောနုများတွင် မြေဆီလွှာ အနည်းငယ်ညံ့ပြီး၊ တောကြီးများတွင် မြေဆီလွှာများကောင်းပါသည်။ တောခုတ်ခါစတောင်ယာမြေကို မြေဆီလွှာကောင်းစေရန် တောင်ယာစပါးစိုက်ကာ မြေဆီလွှာကောင်းအောင်ပြုပြင်ကြသည်။ ထိုသို့ပြုလုပ်သော်လည်း အစနှစ်တွင်သာကောင်းမွန်ပြီး နောက်ပိုင်း နှစ်များတွင် မြေဆီလွှာအရည်အသွေးမှာညံ့လာပါသည်။ ထို့ကြောင့်ကျေးရွာတွင် မြေဆီလွှာကောင်းမွန်စေရန် နည်းစနစ်များ လိုအပ်ကြပါသည်။

(၁.၃.၂) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု** **(များ/သင့်/နည်း/မရှိ)**	**အသုံးချနိုင်မှု** **(လွယ်/ခက်/ လက်လှမ်းမမီ)**
ဟိုက်ဒရိုကာဗွန် (မာတ်ငွေ့/ရေနံ)	မရှိ	-
မာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်)	သင့် (ကျောက်စရစ်)	လက်လှမ်းမမီ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ	လက်လှမ်းမမီ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင်းရှိချောင်းများတွင် ကျောက်စရစ်များ အသင့်အတင့် ရှိသော်လည်း ကျေးရွာတွင် ထုတ်ယူသုံးစွဲမှုများမရှိကြပါ။ ထိုကျေးရွာတွင် သဘာဝတောရိုင်း တိရိစ္ဆာန်မျိုး စိတ်များ(ဆင်၊ တောဝက်၊ မျောက်၊ ရှဉ့်၊ ဖြူ၊ သင်းခွေချပ်)ရှိပါသည်။ ၎င်းတို့ကိုမျိုးတုံး ပျောက်ကွယ်မှု မရှိစေရန် ကျေးရွာအတွင်း တွင် သဘာဝတိရိစ္ဆာန်များအားထိန်းသိမ်းသည့် အဖွဲ့များ လည်းဖွဲ့စည်းထား ပါသည်။ ၎င်းတိရိစ္ဆာန်များအား ပစ်ခတ်စားသောက်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ပါ။ ကျေးရွာအတွင်း သဘာဝ မျိုးဆေးဘက်ဝင်အပင်များ ရှိသော်လည်း အသုံးဝင်မှုများကို မသိရှိကြသဖြင့် လက်လှမ်းမှီခြင်း မရှိပါ။

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အခြားပိုင်ဆိုင်မှု				
အိမ်ထောင်စု -	၁ (၁.၁ %)	၉ (၁၀.၂ %)	၃၃ (၃၇.၅ %)	၄၅ (၅၁.၂ %)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ (၁)အိမ်ခန့်သာရှိပြီး ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ကုမ္ပဏီဝန်ထမ်းအနေဖြင့်တွဲဖက် လုပ်ကိုင်သောကြောင့် ပုံမှန်ဝင်ငွေရရှိကာ အဆင် ပြေခြင်းဖြစ်သည်။ အလယ်အလတ်အဆင့်ရှိသောအိမ်ထောင်စုများမှာ ဥယျာဉ်ခြံ၊

တောင်ယာစိုက်ပျိုးရေးနှင့် (ကြက်၊ဝက်) တစ်ပိုင်တစ်နိုင်မွေးမြူရေးတို့ကိုတွဲဖက်လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စုများမှာ မြေယာ ပိုင်ဆိုင်မှုရှိကြသော်လည်း အမှန်စိုက်ပျိုးထားသော မြေကေနည်းပါးခြင်းတို့ကြောင့် မိသားစုစီးပွားရေး အဆင့်မှာအလယ်အလတ်သာရှိခြင်းဖြစ်သည်။ ဆင်းရဲသောအိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ ၃၇.၅% ခန့်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးကိုသာလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးထားသော ကာလမှာ အချိန် ကာလမကြာသေးသဖြင့် သီးနှံအထွက်နည်းသေးကာ စီးပွားရေးအဆင်မပြေကြခြင်းဖြစ်သည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ကျေးရွာအိမ်ခြေ၏ ၅၁%ကျော်ခန့်ရှိပါသည်။ ထိုအိမ်ထောင်စုများ မှာ ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ကျပန်းအလုပ်တို့ကိုလုပ်ကိုင်ကြကာ စိုက်ပျိုးမြေပိုင်ဆိုင်မှုတို့ နည်းပါး ပါသည်။ အချို့မှာလည်း စိုက်ပျိုးရေးနှင့် ကျပန်းအလုပ်တို့ကိုတွဲဖက်လုပ်ကိုင်ကြသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လ အောက်	-	-	
၃ လနှင့် ၆ လကြား	-	-	
၆ လ မှ ၁၂ လ အထိ	၂၃	၁၀၀	ငွေချေးကာသုံးစွဲခြင်း။

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုမှာ ၆-၁၂ လအတွင်း ဖူလုံမှုရှိကြပါသည်။ တခါတရံ မိုးရာသီစားဝတ်နေရေးခက်ခဲချိန်၊ ကျန်းမာရေး မကောင်းဖြစ်ကာ အလုပ်ပျက်နေချိန် အခက်အခဲကြုံသောကာလများနှင့် စိုက်ပျိုးမြေများ၏ သွင်းအားစုများအတွက် ငွေကြေး လိုအပ်နေချိန်တို့တွင် ဆွေမျိုး၊ မိတ်ဆွေများနှင့် ခြံသူငှေးများထံတွင် ခဏတာငွေချေးယူကာ ကွမ်းသီး ထွက်ချိန်တို့တွင် အကြွေးပြန်ဆပ်ကြပါသည်။ အချို့မှာလည်း စိုက်ပျိုးရေးလုပ်ငန်းများ အတွက် မြစိမ်းရောင် နှင့် သမချေးငွေများဖြင့် ချေးယူကာလုပ်ကိုင်ကြသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၁	-	၁
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော သက်ကြီးရွယ်အိုများ မရှိကြပေ။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရရှိပဲ အနာကြီးရောဂါဖြစ်နေသော အသက် ငါးဆယ်ကျော် အရွယ်အမျိုးသားတစ်ဦးရှိပါသည်။ ထိုကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုတစ်စုရှိကာ ကျပန်းအလုပ်နှင့် ဥယျာဉ်ခြံအလုပ်ကို တွဲဖက်လုပ်ကိုင် ကြပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	လတ်	မြိတ်မှကုန်ကားလာရောက်ရောင်းချသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	လတ်	တောခုတ်စိုက်ပျိုးမှုများလာသဖြင့် မြေလွှတ်မြေရိုင်းများ ယခင်ထက်နည်းလာသည်။
၃	ရေကြီးခြင်း	နိမ့်	မိုးရာသီတွင် တစ်ခါတစ်ရံ ရေကြီးသည်။
၄	မိုးခေါင်ခြင်း	မရှိ	-
၅	အအေးလွှန်ကဲခြင်း	မရှိ	-
၆	မုန်တိုင်း	မရှိ	-
၇	ငလျင်	မရှိ	-
၈	မီးဘေး	မရှိ	-
၉	ဆားငန်ရေဝင်မြေ	နိမ့်	တပေါင်း၊တန်ခူးလတွင် အဖြစ်များသည်
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်	သစ်တောများခုတ် ကွမ်းပင်များ စိုက်ပျိုးရန် (ကမ်းပါးပြို)
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	စီးပွားရေးလုပ်ငန်းရှင်များ၏ အဆမတန် သစ်ထုတ်လုပ်မှုများကြောင့်
၁၂	ငှက်ဖျားရောဂါ	နိမ့်	ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ် ကာကွယ်ဆေး ထိုးပေးပါသည်။
၁၃	တီဘီရောဂါ	မရှိ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	-
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	လတ်	နှစ်စဉ် ကြက်နာ/ဝက်နာ ရောဂါများဖြစ်ပွားပါသည်။
၁၇	လူကုန်ကူးခြင်း	မရှိ	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မရှိ	ဘုတ်ပြင်းမြို့နှင့် မိုင်(၆၀)ခန့် ကွာဝေးသော်လည်း၊ တနင်္သာရီမြို့နှင့် နီးပါ သည်။
၁၉	အခြား	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာသို့ မြိတ်မှ ကုန်ကားများလာရောက်ရောင်းချကြသည်။

ထိုကားများသည် နွေရာသီတွင်တစ်ပတ်တစ်ကြိမ်လာရောက်ကြသော်လည်း မိုးရာသီရေကြီးချိန်တွင် တစ်လ တစ်ကြိမ်သာလာရောက်သဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ တစ်ခါတစ်ရံကြုံရတတ်ပါသည်။ စိုက်ပျိုးခွဲထွင်မှု များကြောင့် မြေလွတ်မြေရိုင်းများယခင်ထက်နည်းပါးလာသည်။ မိုးရာသီရေကြီးချိန်တို့တွင် အိမ်အနည်းငယ် ထံသို့ ရေဝင်မှုများဖြစ်ပွားတတ်သည်။ တပေါင်း၊တန်ကူးလများတွင် စိုက်ပျိုးမြေများသို့ ဆားငန်ရေဝင်မှုများ ဖြစ်ပွားပါသည်။ ကမ်းပါးတွင်ရှိသောသစ်တောများကို ကွမ်းပင်များစိုက်ပျိုးရန် ခုတ်ထွင်သဖြင့် ကမ်းပါးပြို ခြင်းများဖြစ်ပွားလာပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ၏ အဆမတန်သစ်ထုတ်လုပ်မှုများကြောင့် သစ်တောပြုန်းတီးမှုများမြင့်လာပါသည်။ ယခင်ကဌက်ဖျားရောဂါအဖြစ်များသော်လည်း ယခုနောက်ပိုင်း ကျေးလက်ကျန်းမာရေးဌာနနှင့် ပြင်ပကျန်းမာရေးထောက်ပံ့မှု အဖွဲ့အစည်းများမှ ဆေးဝါးနှင့် ခြင်ထောင်များ ထောက်ပံ့ပေးခြင်းတို့ကြောင့် ဌက်ဖျားရောဂါဖြစ်ပွားနှုန်းနည်းလာပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါ (ကြက်/ ဝက်နာ)များ နှစ်စဉ်နှစ်တိုင်းဖြစ်ပွားလေ့ရှိသဖြင့် မွေးမြူရေးအတွက်အခက်အခဲများရှိနေပါသည်။ ထိုကြောင့် မြို့နယ် မွေးကဉ်းစီးဌာနမှ ကာကွယ်ဆေး ထိုးနှံသည့် အစီအစဉ်များလာရောက် လုပ်ဆောင်သင့်ပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မရှိ	မူးယစ်ဆေးဝါးသုံးစွဲမှုမရှိသလို မှုခင်းများ ဖြစ်ပွားခြင်းလည်း မရှိကြပါ။
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ	ထိခိုက်လွယ်မှုမရှိပါ။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မရှိ	ထိခိုက်လွယ်မှုမရှိပါ။
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	လတ်	တောင်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် တောဆင်ရိုင်းများနှင့်ကြုံတတ်သည်။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ	-
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident)	နိမ့်	ကားလမ်းဘေးကျေးရွာဖြစ်သောကြောင့်ဖြစ်သည်။

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်)	မှတ်ချက်
	တွင် နေထိုင်သူများ		
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မရှိ	-
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	လတ်	မိုးတွင်းရေကြီးချိန်များတွင် အိမ်ထဲ ရေဝင်သည်။
၉	ငါးကန်ပိုင်ရှင်	မရှိ	-
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မရှိ	-
၁၁	လူနည်းစုလူမျိုးများ	မရှိ	ခွဲခြားဆက်ဆံခြင်းမရှိပါ။
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ	-
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	-
၁၄	ရွှေတွင်းလုပ်သား	မရှိ	-
၁၅	ဆေးစွဲသူများ	မရှိ	-
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မရှိ	-
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	-
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	-
၁၉	ရွှေ့ပြောင်းလုပ်သားများ	မရှိ	-
၂၀	ကားသမား	မရှိ	-
၂၁	အခြား	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာရှိလူငယ်များတွင် ထိခိုက်သက်ရောက်လွယ်မှု မရှိပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုမှုခင်းဖြစ်ပွားမှုမျိုးများလည်းမရှိကြပါ။အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုနှင့် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ကျပန်းလုပ်သားများရှိသော်လည်း ခွဲခြားဆက်ဆံခြင်းမျိုးများမရှိကြ ပါ။တောင်ယာစိုက်ပျိုးသူများသည် တစ်ခါတစ်ရံ တောင်ရိုင်းတိရိစ္ဆာန် (ဆင်)များနှင့်တွေ့ကြုံကာပြေးရသောအနေအထားများလည်းရှိခဲ့ဖူးပါသည်။

ကားလမ်းဘေးတွင်တည်ရှိသော ကျေးရွာဖြစ်သောကြောင့် ကလေး သူငယ်များအတွက် ယာဉ်အန္တရာယ်ရှိနိုင်ပါသည်။ မြေနိမ့်ပိုင်းနေထိုင်သူများတွင် မိုးရာသီရေကြီးချိန်၌ တစ်ခါ တစ်ရံ အိမ်ထဲသို့ရေဝင်ရောက်လျက်ရှိသည်။ ထိုကျေးရွာတွင် ကရင်လူမျိုးစုများအများဆုံး နေထိုင်ကြပြီး အခြားလူနည်းစုလူမျိုးစုများအပေါ်ခွဲခြားဆက်ဆံခြင်းမျိုးမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့)
			ကျား	မ	ပေါင်း		
၁	အသင်းတော် ကော်မတီ	၃	၁၃	၃	၁၆	ဘာသာရေး	ကောင်း
၂	လူငယ်အဖွဲ့	၂	၁၈	၁၂	၃၀	သာရေးနာရေး	ကောင်း
၃	အမျိုးသမီးအဖွဲ့	၂	-	၃၀	၃၀	သာရေးနာရေး	ကောင်း
၄	မီးသတ်အဖွဲ့	၂	၂၀	-	၂၀	ကင်းစောင့်၊ မီးဘေးကာကွယ်	သင့်
၅	အုပ်ချုပ်ရေးအဖွဲ့	၂	၈	-	၈	ကျေးရွာအုပ်ချုပ်ရေး	သင့်
၆	သစ်တောအဖွဲ့	၂	၁၂	-	၁၂	သစ်တောနှင့် တောရိုင်း တိရိစ္ဆာန်ထိန်းသိမ်း	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင်းရှိသော အဖွဲ့စည်းများမှာ ဘာသာရေးကို အခြေခံသောအဖွဲ့ အစည်းများသာများကြပြီး ထိုအဖွဲ့အစည်းများမှ ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှပူးပေါင်း လုပ်ဆောင်ကြသည်။ ကျေးရွာအတွင်းရှိလူငယ်များသည်ကျေးရွာ၏ ဖွံ့ဖြိုးရေးကိစ္စများကို ပူးပေါင်းပါဝင်လို စိတ်ရှိကြသည်။ ကျေးရွာ၏အုပ်ချုပ်ရေးအပိုင်းများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ကြခြင်းမရှိပါ။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	စိမ်းလန်းအမိမြေ	၂	သစ်တောထိန်းသိမ်းရေးနှင့် ကျေးရွာ 3D မြေပုံ (၂၀၁၆-၁၇)
၂	UNICEF	၄	ခြင်ထောင်လူ (၂၀၁၁-၁၄)
၃	ERLIP	၄	ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၆-၁၇)
၄	တောင်ပိုင်းလူငယ်	၂	သစ်တောထိန်းသိမ်းရေးနည်းလမ်းပေးခြင်း၊ လူထုများ၏အသိဉာဏ်ဖွံ့ဖြိုးရေး
၅	ကရုဏာ	၂	ဆေးဝါးဆိုင်ရာသင်တန်းများ/ စိုက်ပျိုးရေးနည်းစနစ်သင်တန်းများလာပေးရန် ဆွေးနွေးခဲ့သည်။(၂၀၁၇)

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာအတွင်း အဆိုပါအဖွဲ့များတွင် သစ်တောထိန်းသိမ်းရေးအတွက် အသိပညာ ဗဟုသုတများ ရရှိခဲ့ပါသည်။ ကျေးရွာတွင်အဖွဲ့အစည်းများ ဝင်ရောက်ထားသောကြောင့် သစ်တောထိန်းသိမ်း ရေး အခြေခံများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်မှုအခြေအနေများ အနည်းငယ် ရှိနေပြီ ဖြစ်ပါသည်။ ERLIP စီမံကိန်းသည် ကျေးရွာ၏အသက် မွေးဝမ်းကျောင်းနှင့် အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေးများကို အဓိကလုပ်ဆောင်လုပ်ပါသည်။ ၎င်းအဖွဲ့များအနက် ERLIP အဖွဲ့သာ (၃) နှစ် စီမံကိန်းအဖြစ် ရှိနေပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆	၆.၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧက အောက်	၂	၂.၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက အောက်	၁၄	၁၅.၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက အောက်	၄၁	၄၆.၆	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၂၅	၂၈.၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၈၈**	**၁၀၀**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာရှိအိမ်ထောင်စု အများစုသည်ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ ဦးစားပေးလုပ်ကိုင်ကြကာ အချို့အိမ်ထောင်စုများမှာ ကျပန်းအလုပ်များနှင့် တွဲဘက်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေကေ ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၉၃.၂%) ရှိ၍ ကွမ်းသီးပင်များ၊ အခြားသီးနှံပင်များစိုက်ပျိုးကြပါသည်။ လယ်ယာမြေများပိုင်ဆိုင်ကြသော်လည်း ရေငန်ဝင် ရောက်တတ်ခြင်း၊ စိုက်ပျိုးရန်အချိန်မပေးနိုင်ခြင်း၊ လယ်ထွန်ရန်ကျွဲ၊နွား ငှားရန် မတတ်နိုင်ခြင်းတို့ကြောင့် စိုက်ပျိုးခြင်းမရှိကြပါ။ မြေယာပိုင်ဆိုင်မှုမရှိသောသူများသည် အခြား အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျပန်းအလုပ်နှင့် စျေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်ကေ	ရရှိနိုင်မှု	
			တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ရေသွင်းမြောင်း	-	-	-
၅	အဝီစိတွင်း	-	-	-
၆	လက်ငင် ရေတွင်း	-	-	-
၇	စိမ့်စမ်းရေ	-	-	-
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး	ရှိ
၉	အခြား	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူများမှာ နွေရာသီတွင် ရေမရရှိ ကြပေ။ ချောင်းရေရှိသော်လည်း ရေစုပ်ယူရန် စက်နှင့်ပိုက်မတတ်နိုင်သောကြောင့် ခြံထဲသို့ရေမသွင်းနိုင် ပေ။ ရေသွယ်ရန်အခက်အခဲရှိ၍ လယ်ကိုလည်း မိုးကောင်းသောက်တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ကြသည်။ ဥယျာဉ်ခြံများလည်း မိုးရာသီတွင် မိုးရေကိုသာမှီခို၍ ရှင်သန်ကြီးထွားကြသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (နည်း/လတ်/များ)	အမြတ်ရရှိနိုင်မှု (နည်း/လတ်/များ)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကွမ်းသီး	၁၀၀၀၀	ပိဿာ	၃၀၀	၄၀၀	၃၅၀	၅	၈	လတ်	လတ်	
ပိန်းဥ		ပိဿာ	၁၅၀	၃၀၀	၂၂၅			မရှိ	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အဓိကထွက်သောစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်ပြီး စုစုပေါင်းစိုက်ပျိုးကေခန့်မှန်းခြေမှာ (၁၀၀၀၀)ခန့် ရှိပါသည်။ မိုးများသောနှစ်များတွင် သီးနှံအထွက်များပါသည်။ ကွမ်းသီးခြံများတွင် ပိန်းဥများမှာ အလေ့ကျပေါက်ကြပြီး မြေတစ်ကေလျှင် ပိဿာချိန်(၁၅၀ မှ ၃၀၀ ထိ) ရောင်းရန်ရရှိပါသည်။ ပိန်းဥများကို နှစ်စဉ်မတူးဖော်ပဲ သုံးနှစ်တစ်ကြိမ်တူးဖော်လျှင် အရွယ်အစား ပိုမိုကြီးသော ပိန်းဥများကိုရရှိပါသည်။ ပိန်းဥတစ်ပိဿာလျှင် (၃၀၀)ကျပ်ဖြင့် လာရောက်ဝယ်ယူကြပါသည်။ ကြိမ်သီးများကို အရွယ်အစားကြီးလျှင် တစ်ပိဿာ (၆၀၀၀)နှင့် အရွယ်အစားငယ်လျှင် တစ်ပိဿာ (၁၄၀၀) ဖြင့် အဝယ်ဒိုင်များက လာရောက်ဝယ်ယူကြသည်။ သီဟိုဠ်စေ့များကိုလည်း တစ်ပိဿာ(၁၅၀၀-၂၀၀၀) ဖြင့် လာရောက်ဝယ်ယူကြပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌာနရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ထွန်စက်	-	-	
လက်တွန်းထွန်စက်	-	-	
အစေ့ချ ကိရိယာ	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	
ရိတ်သိမ်းစက်	၂	-	
ခြွေလှေ့စက်	-	-	
ရေစုပ်စက်	၈	-	

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ဌာနရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
ခြေနင်းရေတင်စက်	-	-	
မြက်ရိတ်စက်	၇၂	-	
အခြား	၂	-	စပါးကြိတ်စက်

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မနိုးရုံးကျေးရွာရှိအိမ်ထောင်စုများမှာ လယ်မြေများပိုင်ဆိုင်ကြသော်လည်း လယ်ထွန်ရန် လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်ကြခြင်းမရှိကာ အနည်းငယ်သာ စိုက်ပျိုးနိုင်ကြသည်။ တောင်ယာစိုက်ပျိုးရာမှထွက်ရှိလာသော တောင်ယာစပါးများကို ကျေးရွာတွင် ကြိတ်စက်ပိုင်ရှင်များထံတွင် ဆန်တစ်တင်းလျှင် (၂၅၀)၊(၄၀၀)ကျပ် ဈေးနှုန်းစားဖြင့် ကြိတ်ယူနိုင်သည်။ ထိုစပါးများမှာ စားသုံးရန်သာ ကြိတ်ယူကြခြင်းဖြစ်သည်။ မြက်ရိတ်စက်ပိုင်ဆိုင်မှုမရှိသောသူများသည် ကိုယ်တိုင် ခုတ်ထွင်ရှင်းလင်းခြင်း (သို့) အငှားလူများဖြင့် တောရှင်းကြသည်။ လုပ်အားခဖြင့်လူငှားလျှင် တစ်ကေကို ငွေ(၃၀၀၀၀)ကျပ်ခန့် ကုန်ကျပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	ရွာသူရွာသားများတွင် မစိုက်ပျိုးနိုင်သေးသောကိုယ်ပိုင်မြေလွတ်မြေရိုင်းများ ရှိနေပါသည်။
ရေရင်းမြစ်	ချောင်းရေရှိသော်လည်း မိုးရေကိုသာမှီငြမ်းစိုက်ပျိုးကြသည်။
နည်းပညာ၊အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	Taninthayi Volunteer Service သင်တန်းကျောင်းသားများမှ ကျေးရွာ တွင် မြေဆီလွှာကောင်းမွန်မည့် နည်းစနစ်များ ပို့ချပေးမည့် အစီအစဉ်များ လည်းရှိနေပါသည်။
သွင်းအားစုဈေးကွက်	စိုက်ပျိုးရန် မျိုးစိတ်များကို ကျေးရွာတွင်းမှရရှိ/ မြက်သတ်ဆေးကို(မြိတ်၊ တောင်ငယ်)မှ ဝယ်ယူကြသည်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံပွဲစားများကို အလွယ်တကူ ဆက်သွယ် ရောင်းချနိုင်ကြောင့် ဈေးကွက် အခွင့်အလမ်းများ ရှိနေပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ငွေအရင်းအနှီးမရှိသောကြောင့် ပိုင်ဆိုင်သောမြေနေရာအချို့မစိုက်ပျိုးနိုင်သည်ကိုတွေ့ရပါသည်။ စိုက်ပျိုးရန်ရေအရင်းအမြစ်အဖြစ် ချောင်းရေရှိနေသော

လည်းစက်နှင့် ပိုက်အတွက် ငွေအရင်းအနှီးမရှိသဖြင့် မိုးရေကိုသာမှီတည်၍ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ TVS သင်တန်းကျောင်းသားများမှ စိုက်ပျိုးရေးမြေဆီလွှာများ ကောင်းမွန်ရန် နည်းစနစ် များကိုရွာသားများအား ပို့ချပေးမည့်အစီအစဉ်များလည်းရှိနေပါသည်။ စိုက်ပျိုးရန် သီးနှံ မျိုးစိတ်များကို ခြံသူငှေးများထံ ကျပန်းလုပ်ကိုင်ခြင်းဖြင့် ရရှိကြသည်။ အချို့လိုအပ်သော သွင်းအားစုများကို မြိတ်မြို့မှ ရရှိနိုင်သည်။ ခြံထွက်ကုန်ပစ္စည်းများ (ကွမ်းသီး၊သီဟိုဠ်စေ့)ကို အထွက်များသောအိမ်ထောင်စုများသည် မြိတ်မြို့သို့ သွားရောင်းကျပြီး အနည်းငယ်သာထွက်သော အိမ်ထောင်စုများမှာ ကျေးရွာအတွင်းသာရောင်းချ ကြသည်။ သီးနှံ အဖျက်ပိုးများ မကျရောက်အောင် ကာကွယ်နည်းများ၊ တိရိစ္ဆာန်ဖျက်ဆီး မှုများမှကာကွယ်နိုင်မည့်နည်း လမ်းများ၊ လယ်ယာလုပ်ကိုင်ရန် ကျွေးန်းများမရှိသဖြင့် မလုပ်နိုင်သောကြောင့် စက်ကိရိယာများလိုအပ်ပါသည်။ စီးပွားဖြစ် စပါး စိုက်ပျိုးထုတ်လုပ်နိုင်ရန် စပါးမျိုးကောင်းမျိုးသန့်များ၊ ကွမ်းမျိုးသန့်များ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	ကျေးရွာတွင်ဆက်လက်တိုးချဲ့ရန်မရှိ/အနီးအနားရွာများတွင်သာ တိုးချဲ့ရန်မြေနေရာရှိသည်။
မြေဆီဩဇာ အခြေအနေ	တောကြီးမြေများသည်မြေဆီပိုကောင်းကာ စိုက်ပျိုးနေသော မြေနေရာ များ၏ မြေဆီလွှာမှာအနည်းငယ်ညံ့ပါသည်။
ငွေကြေးအရင်းအနှီး ရရှိနိုင်မှု	ချေးငွေရရှိမှု မလုံလောက်၊ စည်းကမ်းချက်များ တင်းကြပ်။
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	ချေးငွေ ရရှိမှု နောက်ကျခြင်း၊ ငွေကြေးမလုံလောက်သည့် အခြေအနေ များတွင် သွင်းအားစုများ အချိန်မီ ဝယ်ယူ အသုံးပြုရန် အခက်အခဲ ရှိပါသည်။
လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ)	လုပ်သားများ မရှားပါးသော်လည်း လုပ်အားခကြီးမြင့်မှုကြောင့် အသုံး ချနိုင်ခြင်းနည်းပါးပါသည်။
စိုက်ပျိုးရေရရှိနိုင်မှု	ချောင်းများရှိသော်လည်း အသုံးချနိုင်ရန်ခက်ခဲပါသည်။
ဖျက်ပိုးနှင့် ရောဂါ	ပိုးမွှား၊ ရောဂါ၊ မြေဆီလွှာကြောင့် ဖြစ်ရသော ပြဿနာများကို ခွဲခြား နားလည်မှု အားနည်းနေကြသောကြောင့် နည်းပညာ ဝန်ဆောင်မှုများ ပိုမို လိုအပ်နေပါသည်။
စျေးကွက် လက်လှမ်းမီမှု	ရရှိသည့် စျေးနှုန်းနည်းသဖြင့် အကျိုးအမြတ် အရနည်းပါသည်။
နည်းပညာ အကူအညီနှင့်	စိုက်ပျိုးရေးနည်းပညာများ သိရှိမှုနည်းပါးပါသည်။

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	ကျေးရွာတွင်ဆက်လက်တိုးချဲ့ရန်မရှိ/အနီးအနားရွာများတွင်သာ တိုးချဲ့ရန်မြေနေရာရှိသည်။
နည်းလမ်းများ	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်ရန် ချောင်းရေများကို ဥယျာဉ်များနှင့် လယ်ယာများအတွင်းသို့ ရောက်ရှိအောင်ရေပိုက်များသွယ်တန်းလိုပါသည်။ မြေဆီလွှာ အနေအထားမှာ တောကြီးမြေများမှာမြေဆီပိုမိုကောင်းမွန်ပြီး စိုက်ပျိုးနေကြမြေဆီများမှာ မြေဆီ အရည်အသွေးများ ညံ့လာပါ သည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဩဇာများသုံးစွဲရန် လိုအပ်နေပါ သည်။ ဒေသနှင့် ကိုက်ညီသော သီးနှံများကိုတိုးချဲ့စိုက်ပျိုးနိုင်စေရန် နည်းပညာများနှင့် မျိုးကောင်းမျိုးသန့် များ ရရှိအောင်ချိတ်ဆက် လုပ်ဆောင်လိုပါသည်။ အချို့အိမ်ထောင်စုမှာ မြေလွတ်မြေရိုင်းများရှိပြီး တောခုတ်ရှင်းလင်းရန် ငွေကြေး မရှိသောကြောင့် ဥယျာဉ်ခြံတိုးချဲ့လုပ်ကိုင်နိုင်ရန် အခက်အခဲများ ရှိနေပါသည်။ ကိုယ်ပိုင်မြေပိုင်မရှိသော သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးနေရန် ကျေးရွာတွင် မြေနေရာ များမရှိတော့ပါ။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
နွား	၁၄	၆၃	
နို့စားနွား	-	-	
မြင်း	-	-	
ကျွဲ	၆	၄၅	
မြည်း	-	-	
လား	-	-	
ဆိတ်	၂	၁၃	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
သိုး	-	-	
ဝက်	၃၅	၁၁၆	စီးပွားဖြစ် တစ်အိမ်ထောင်စု
ကြက်	၅၁	၇၃၆	တစ်နိုင်တစ်ပိုင်သာ
ဘဲ	၆	၆၃	
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-	-	
ပုဇွန်ကန်	-	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	-	
ကမ်းနီး ငါးဖမ်းလုပ်ငန်း	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက်၊ ဘဲ ၊ ဆိတ် စသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင် ကြပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြကာ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းတို့ကို လုပ်ကိုင်ကြသည်။

(၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ကိုယ်ပိုင်မြေနေရာများတွင်မွေးမြူနိုင်ကြသည်။
ရေရရှိမှု	ပူပြင်းသောကာလများတွင် ရေခမ်းခြောက်သည်။

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	ရွာတွင်းရှိ တိရိစ္ဆာန်မျိုးများကို မွေးမြူကြသည်။
ချေးငွေ	မြစိမ်းရောင်၊သမချေးငွေများရရှိပါသည်။
သွင်းအားစု ဈေးကွက်	ကျေးရွာရှိသစ်ဥသစ်ဖုနှင့် ဆန်ကွဲများကိုသာကျွေးကြသည်။
နည်းပညာ ဝန်ဆောင်မှု	-
ထုတ်ကုန် ရောင်းဝယ်မှု	အနီးအနားရွာမှ လာရောက်ဝယ်ယူသူများထံသို့ရောင်းချသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အနည်းငယ်ရှိပါသည်။
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	မရှိပါ။
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-
လိုင်စင် လက်လှမ်းမီမှု	-
ထုတ်ကုန် ရောင်းဝယ်မှု	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အိမ်ထောင်စု အများစုသည်မွေးမြူရေးလုပ်ငန်းများကို လည်းတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသည်။ မွေးမြူရေးနည်းပညာနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးပေးနိုင်လျှင် ဝင်ငွေတိုးတက်လာမည့် အခွင့်အရေးများပိုမိုလာနိုင်ပါသည်။

(၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေ ရရှိနိုင်မှု	အခက်အခဲ ရှိပါသည်။

ပြဿနာနှင့် စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
ကူးစက်ရောဂါဖြစ်ပွားမှု	ကြက်နာ/ ဝက်နာများ ဖြစ်ပွားမှုတစ်ခါတစ်ရံရှိပါသည်။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	တိရိစ္ဆာန်မွေးမြူသည့်နည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံမှုများရရှိရန် လိုအပ်နေပါသည်။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသောကြောင့် လက်လှမ်းမီမှုမရှိ ပါ။
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	မရှိ
ချေးငွေ ရရှိနိုင်မှု	-
ထုန်ကုန်များ ရောင်းချနိုင်မှု	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လိုသော်လည်း ရောဂါကာကွယ် ကုသနည်းများနားလည်မှုမရှိခြင်း၊ ငွေအရင်းအနှီးလုံလောက်မှုမရှိခြင်း စသည်တို့က အဟန့် အတားဖြစ်စေပါသည်။ သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများပံ့ပိုးပေးခြင်း၊ မွေးမြူရေး လုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများ ရရှိခြင်း စသည်တို့ကလည်း မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် အထောက် အပံ့ ဖြစ်စေနိုင်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
ဈေးကွက်လက်လှမ်းမီခြင်း	မြိတ်မြို့သို့သွားရောင်းသည်။
စာတတ်မြောက်သူများ လာခြင်း	အလယ်တန်းနှင့် အထက်တန်းပညာ တတ်မြောက်သူဦးရေ တိုးလာ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စျေးကွက်လက်လှမ်းမီခြင်း	မြိတ်မြို့သို့သွားရောင်းသည်။
လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း	ပြည်ထောင်လမ်းမဘေးတွင်တည်ရှိကာ သွားလာရလွယ်ကူပါသည်။
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိနိုင်ခြင်း	-
အလုပ်လုပ်နိုင်သူ ဦးရေ များခြင်း	ကျေးရွာအတွင်း အသက်အုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၉) ရာခိုင်နှုန်းကျော် ရှိနေပြီး အမျိုးသမီးအများစုက အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။
ကုန်ကြမ်းပေါများခြင်း	ဥယျာဉ်ထွက် ကွမ်းသီးနှင့် သီဟိုဠ်စေ့အနည်းငယ်ရှိပါသည်။
လျှပ်စစ်မီးရရှိနိုင်ခြင်း	ကျေးလက်မှ ဆိုလာစီမံကိန်းရှိနေပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် အမျိုးသားများ ဝင်ငွေရှာရန် ဥယျာဉ်ခြံသို့သွားရောက် လုပ်ကိုင်နေချိန်တို့တွင် အမျိုးသမီးအများစုမှာ အိမ်တွင်းအလုပ်သာလုပ်ကိုင်ကြပါသည်။ ထိုကျေးရွာတွင် အလယ်တန်း၊ အထက်တန်းအဆင့်အထိ ပညာပြီးမြောက်ကြသော်လည်း မိရိုးဖလာစီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများကိုသာလုပ်ကိုင်ကြသည်။ ဥယျာဉ်ထွက် ကုန်အချို့ဖြစ်သော ကွမ်းသီး၊ သီဟိုဠ်စေ့၊ ပိန်းဥနှင့် ကြိမ်သီးများအသင့်အတင့်ထွက်သော်လည်းတန်ဖိုးမြင့်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချနိုင် ခြင်းမရှိသေးပါ။ အမျိုးသမီးအချို့နှင့် အမျိုးသားအချို့မှာလည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများသင်ယူချင်စိတ် ရှိကြသည်ကိုတွေ့ရှိရပါသည်။ ထိုကျေးရွာသို့ အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာသင်တန်းများ သွားရောက်ထောက်ပံ့ပေးနိုင်လျှင်လည်း ကျေးရွာနေ အိမ်ထောင်စုများ၏စီးပွားရေး များပိုမိုတိုးတက်လာနိုင်ပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ပညာတတ်မြောက်မှု နည်းပါးခြင်း	သားသမီးကြိုးစားနိုင်သမျှသာထားပေးကြသည်။

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
ပညာတတ်မြောက်မှု နည်းပါးခြင်း	သားသမီးကြိုးစားနိုင်သမျှသာထားပေးကြသည်။
အလုပ်အကိုင် ရှားပါးခြင်း	တောခုတ်ခြင်း၊ကွမ်းသီးကောက်ခြင်း။
အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု နည်းခြင်း	တတ်မြောက်မှုမရှိပါ။
ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ရန် နည်းပညာမရှိခြင်း	အခြားစီးပွားရေးလုပ်ငန်းများအတွက် အသိပညာ စဉ်းစားမှု၊ လုံလောက် သော ကျွမ်းကျင်မှု အားနည်းကြပါသည်။
ငွေကြေး အရင်းအနှီး မတတ် နိုင်ခြင်း	အများစုမှာ လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီး လုံလောက်မှု မရှိကြပါ။
လျှပ်စစ်မီး မရရှိခြင်း	ကျေးရွာအိမ်ထောင်စုတစ်ဝက်ခန့်သာ မီးသုံးစွဲနိုင်သည်။
စျေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း	စျေးကွက်ဆိုင်ရာ သိရှိမှုနည်းပါးပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခဲချောင်းကျေးရွာတွင် ပညာတတ်မြောက်သူဦးရေ နည်းပါးခြင်း၊ ဒေသမှမည်သည့် ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် စျေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ကျပန်းအလုပ်များကိုသာ အာရုံ စိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ် မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည် ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာ နှင့် အခက်အခဲများ ဖြစ်နေပါသည်။

(၂.၃) ရွှေ့ပြောင်းလုပ်သားများ

(၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေ့ပြောင်းလုပ်သား ရှိ သော	-	-	-	-	-	-	-	-	-	-

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	ပြည်တွင်း			ပြည်ပ			လူဦးရေ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	အိမ်ထောင်စုနှင့် လူဦးရေ										
၂	ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ										
	၃ လ အထိ	-	-	-	-	-	-	-	-	-	-
	၆ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထိ	-	-	-	-	-	-	-	-	-	-
	၁၂ လ အထက်	-	-	-	-	-	-	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင်းရှိကျေးရွာသား/သူများမှာ မိမိတို့၏ရွာတွင်းသာ လုပ်ကိုင်စားသောက်ကြပြီး အခြားပြည်တွင်း၊ ပြည်ပများသို့သွားရောက်လုပ်ကိုင်နေသူများမရှိပါ။

(၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	-
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင်းအိမ်ထောင်စုများမှာ ရွှေ့ပြောင်းသွားလာ၍ လုပ်ကိုင်စားသောက်ကြခြင်းမရှိပါ။

(၂.၃.၃) ချွေးပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ချွေးပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	-	-	-	-	-
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	-	-	-	-	-
	- ဘဏ်	-	-	-	-	-
	- လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း	-	-	-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာတွင် ပြည်တွင်း၊ ပြည်ပ သွားရောက်လုပ်ကိုင်ခြင်းမရှိသောကြောင့် ပြန်ပို့ငွေလမ်းကြောင်းများလည်း မရှိပါ။

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှ အကွာအဝေး (မိုင်)	၄မိုင်-တောင်ငယ်	၉၅မိုင်-မြိတ်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ဆိုင်ကယ်ခ-၃၀၀၀	ကားခ-၁၅၀၀၀
ကုန်စည်နှင်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ	ဟင်းစားဝယ်	ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း၊သွင်းအားစုများ။
ဈေးအခြေခံအဆောက်အဦနှင့် ဝန် ဆောင်မှု	နိမ့်	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာတွင် အိမ်ဆိုင်(၇)ဆိုင်ရှိပြီး ကျေးရွာတွင်းတွင် စျေးမရှိပါ။ လိုအပ်သောပစ္စည်းများ ဝယ်ယူရာတွင် ၎င်းစျေးဆိုင်များတွင်သာ ဝယ်ယူကြပါသည်။ လိုအပ်သည်များကို ဝယ်ယူရန် တောင်ငယ်စျေးသို့ အသွားများသော်လည်း ကုန်ခြောက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းအချို့နှင့် သွင်းအားစုအချို့သာ ရနိုင်ပါသည်။ အရောင်းဝယ်အကြီးအစားလုပ်လျှင် မြို့စျေးသို့သွားရောက်ကြပါသည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	**ငွေကြေးဝန်ဆောင်မှု အမျိုးအစား**	**ပြန်လည်ပေးဆပ်ရမည့် ကာလ**	**အတိုးနှုန်း (လ)**	**အပေါင်ခံပစ္စည်း လိုအပ်မှု**	**ချေးငွေရရန် အခက်အခဲများ**
သမ ချေးငွေ	-	-	-	-	-
ငွေချေးပေးသူ	ချေးငွေ	-	၅ ကျပ်	မလို	အရမ်းဆင်းရဲရင် ငွေမချေးပေပါ။
အပေါင်ဆိုင်	-	-	-	-	-
မိတ်ဆွေနှင့် ဆွေမျိုးများ	ချေးငွေ	-	-	-	လိုအပ်သလောက် မချေး ပေးနိုင်

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာအတွင်း ဆင်းရဲနွမ်းပါးသူများကို အလုပ်လုပ်ရာတွင် ပျင်းရိသူ များဟု ငွေကြေးရှင်များက မယုံကြည်သဖြင့် ငွေထုတ်မချေးပေးကြပါ။ မြစိမ်းရောင်နှင့် ဝန်ဆောင်မှုတို့မှာ လူဦးရေအကန့်အသတ်၊ ငွေကြေးအကန့်အသတ်တို့ကြောင့် လုံလောက်မှုမရှိသဖြင့် ကျေးရွာမှလိုအပ်သော အိမ်ထောင်စုတိုင်း ချေးငွေမရရှိကြပါ။ ကျေးရွာနေလူအများစုမှာ လိုအပ်သောငွေများကို ဆွေမျိုး၊ မိတ်ဆွေ များထံမှ အတိုးမဲ့ချေးယူ၍ မိမိခြံတို့မှ ကွမ်းသီးထွက်ချိန်တွင် ငွေကြေးများအဆင်ပြေသောကြောင့် အကြွေး များကိုပြန်ဆပ်ကြသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	-	-
အပင်မျိုးစိတ်များ	လတ်	ဥယျာဉ်ခြံစိုက်ရန် ခုတ်ထွင်မှုများကြောင့်
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	လတ်	ကွမ်းသီးအနုများ ကြွေကျခြင်း
ရေအရင်းအမြစ်	မရှိ	-
ငါးမျိုးကွဲများ	မရှိ	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	အမှိုက်များကို မီးရှို့ စနစ်တကျစွန့်ပစ်ခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ဥယျာဉ်တည်ရန် တောတောင်များခုတ်ခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရေများရှားပါးလာပါသည်။ ကွမ်းသီးပင်များသည် ဖျက်ပိုးကြောင့် အပင်များမရှင်သန်ခြင်းနှင့် ကွမ်းသီးနုများအကြောင်းမဲ့ကြွေ ခြင်းများအပေါ် ရွာသားများမှ နားလည်သိရှိခြင်းမရှိကာ ဆုံးရှုံးမှု များနေခြင်းကြောင့် နည်းပညာများ လိုအပ် နေပါသည်။ အမှိုက်သရိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများကို လုပ်ကိုင်ကြခြင်းကြောင့် ကျေးရွာ ပတ်ဝန်းကျင် သန့်ရှင်းသွားသော်လည်း သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုရှိနေပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက် လူဦးရေ၏%
စာမတတ်သူဦးရေ	၁၁	၉	၂၀	၆.၅%

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၁၀ နှစ်နှင့်အထက် လူဦးရေ၏%
ဘုန်းကြီးကျောင်းသင်ပညာရေး	၁	-	၁	၀.၃%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၂၇	၂၉	၅၆	၁၈.၂%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၆၂	၅၆	၁၁၈	၃၈.၃%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃၉	၅၅	၉၄	၃၀.၅%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၄	၁၀	၁၄	၄.၆%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၃	၂	၅	၁.၆%
၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း	**၁၄၃**	**၁၆၁**	**၃၀၄**	၁၀၀%

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာတွင် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ (၉၃) ရာခိုင်နှုန်း ရှိပါသည်။ ဘွဲ့ရသူဦးရေ (၅)ဦးအထိရှိနေပြီဖြစ်သည်။ အလယ်တန်းပညာရေးပြီးဆုံးမှုမှာ ၃၀.၅% ခန့်ရှိပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းမှာ ၄% ကျော်သာ ရှိသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိက ဖြစ်ကြောင်း တွေ့ရသည်။

(၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏%
မူလတန်း (၅-၉ နှစ်)	၃၄	၃၀	၆၄	
အလယ်တန်း (၁၀-၁၄နှစ်)	၁၆	၂၁	၃၇	-
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၅	၁၂	၁၇	-
တက္ကသိုလ် ကျောင်းသား၊ သူ	၃	၄	၇	-

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာတွင် မူလတန်းကျောင်းသာရှိ၍ မူလတန်းပညာအားသင်ကြား

နိုင်ပြီး အလယ်တန်းပညာကိုခဲချောင်းကျေးရွာရှိ အ.လ.က(ခွဲ)ကျောင်းတွင် သွား၍တက်ရောက်ရပါသည်။ အထက်တန်းပညာရေးကို ဆက်လက်တက်ရောက်လိုလျှင် မြိတ်မြို့သို့သွားကာ တက်ရောက်ရသောကြောင့် စီးပွားရေးအဆင်ပြေသူများသာ သွားရောက်သင်ယူနိုင်ခြင်းကြောင့် အလယ်တန်းပညာရေးအဆင့်သာ တတ် မြောက်ကြပြီး၊ အထက်တန်းပညာမှစ၍ တက်ရောက်နိုင်ခြင်း နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ပညာတတ်မြောက်မှုနှုန်းများ တိုးလာအောင် ပံ့ပိုးလာနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ် လာနိုင်ပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	**မူလတန်းကျောင်း**		
ရွာမှ အကွာအဝေး(မိုင်)	ကျေးရွာတွင်း		မူလတန်းအဆင့် အခမဲ့ ပညာရေး
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	မရှိ		
စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)	၃၀' x ၉၀'		
အမိုး၊ နံရံ၊ အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်စီ၊ ကွန်ကရစ်ခင်း		၂၀၁၃ခုနှစ်တွင် ဆောက်လုပ်ထားပါသည်။
ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	ပရိဘောဂ လုံလောက်မှု ရှိပါသည်။ ကျောင်းအိမ်သာရှိပါသည်။		ပရိဘောဂလုံလောက်သော်လည်း ပျက်စီးမှုရှိ/ အိမ်သာတွင်ရေမလုံလောက်ပါ
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)	(၁)နှစ်တွင်(၄)ကြိမ် အာဟာရ တိုက်ကျွေးပါသည်။		ရွာမှ အလှူရှင်များမှကျခံကျွေးမွေးပါသည်။
ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၁	၅	၆
ကျေးရွာခန့်	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းရှိပြီး ရွာအတွင်းတွင်ရှိသောကြောင့် လမ်းလျှောက်၍သွားပါသည်။ လတ်တလောအချိန်တွင် ကျောင်းသုံးပရိဘောဂမှာ

လုံလောက်မှု ရှိသော်လည်း စားရေးခုံများမှာ ပျက်စီးယိုယွင်းနေပါသည်။ ကျောင်းတွင် အိမ်သာလုံလောက်မှုရှိသော်လည်း ရေလုံလောက်မှုမရှိပါ။ ကျောင်းဝင်းအတွင်းတွင် အားကစားကွင်း မရှိပါ။ ကျောင်းတွင်လည်း အားကစားနှင့် ပတ်သက်သော ပစ္စည်းများ ထောက်ပံ့ပေးထားခြင်း မရှိပါ။ ကျောင်းတွင် တစ်နှစ်လျှင်(၄)ကြိမ် အလှူရှင်မှ သို့မဟုတ် ကျောင်းအစီအစဉ်ဖြင့် အာဟာရတိုက် ကျွေးမှုများ ရှိပါသည်။

(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက်မှု ရှိပါသည်။
တပည့် - ဆရာ အချိုး	၁၂- ၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ (မသန်စွမ်းသူ(၁)ယောက်ရှိပါသည်။)
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်းစာအုပ်နှင့်စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	အထက်တန်းပညာတက်ရောက်ရန်မတတ်နိုင်ကြခြင်း။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာ စာသင်ကျောင်းတွင် ဆရာ/ဆရာမ လုံလောက်မှုရှိပြီး ဆရာ-တပည့်အချိုးညီမျှမှုရှိပါသည်။ ကျေးရွာတွင် မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ မိဘဆရာ အစည်းအဝေးများ ပုံမှန်ပြုလုပ်ကြပြီး လိုအပ်ပါက ထပ်မံခေါ်ယူ

ဆွေးနွေးပါသည်။ မိဘနှင့် ဆရာ များ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။ ကျောင်းတွင် အားကစားနှင့်ပတ်သက်သော ပစ္စည်းများကို အစိုးရကလည်းကောင်း၊ KNU အဖွဲ့အစည်းတို့မှ ထောက်ပံ့မှု များလည်းရှိပါသည်။ ကျေးရွာတွင် မူလတန်း ကျောင်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများသည် ခရောင်းကျေးရွာရှိ အ.လ.က(ခွဲ)တွင် သွားရောက် ပညာသင်ကြားနေသော်လည်း အောင်ချက် ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်း များပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်းဆောင် ရွက်ရန်မှာ ရေးပါလှပါသည်။

(၂.၈) ကျန်းမာရေးနှင့် အာဟာရ

(၂.၈.၁) အဖြစ်များသော ရောဂါများ

ဧယား (၃၄) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၁	ဝမ်းပျက်ဝမ်းလျှောက		✓		ရာသီဥတုပူပြင်းချိန်နှင့် အစားအစာမသန့်လျှင်ဖြစ်ပွားသည်။
၂	သွေးလွန်တုပ်ကွေး		✓		မိုးဦးပိုင်းတွင်ဖြစ်ပွားသည်။
၃	ငှက်ဖျား	✓			တောကြီးများတွင်လုပ်ကိုင်သဖြင့်။
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ			✓	မဖြစ်ဖူးပါ။
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			✓	မဖြစ်ဖူးပါ။
၆	တီဘီ			✓	မဖြစ်ဖူးပါ။
၇	ဆီးချို			✓	မဖြစ်ကြပါ။
၈	သွေးတိုး	✓			အငန်/အဆီစားများသောကြောင့်။
၉	အသည်းရောဂါ (ဘီ၊ စီ)			✓	မဖြစ်ဖူးပါ။
၁၀	အာဟာရ ချို့တဲ့မှု			✓	မဖြစ်ဖူးပါ။
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			✓	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ခရောင်းကျေးရွာတွင် အိမ်တိုင်းနီးပါး ငှက်ဖျားရောဂါအဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက်ကျန်းမာရေးဌာနမှာလည်း ဒုဖာလုံခန့်သာဝေးကွာပါသည်။ သွားလာရလွယ်ကူပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ပါသည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	✓		
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓		ကျေးလက်ဆေးပေးခန်းမှ သားဖွားဆရာမများသည် တစ်လတစ်ကြိမ်လာရောက်ပေးသည်။
၃	ပိုလီယိုရောဂါ	✓		ကျေးလက်ဆရာဆေးပေးခန်းမှလာရောက်ကာကွယ်ဆေးထိုးပေးပါသည်။
၄	မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)	✓		ကျေးလက်ဆရာဆေးပေးခန်းမှလာရောက်ကာကွယ်ဆေးထိုးပေးပါသည်။
၅	ဝက်သက်ရောဂါ	✓		ကျေးလက်ဆရာဆေးပေးခန်းမှလာရောက်ကာကွယ်ဆေးထိုးပေးပါသည်။
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှုံမှု	✓		ကျေးလက်ဆရာဆေးပေးခန်းမှလာရောက်ကာကွယ်ဆေးထိုးပေးပါသည်။
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓		ကျေးလက်ဆရာဆေးပေးခန်းမှလာရောက်မှတ်တမ်းယူပါသည်။
၈	အာဟာရပညာပေး အစီအစဉ်	✓		

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ သားဖွား ဆရာမမှ တစ်လတစ်ကြိမ်လာရောက်၍ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးတိုက်ကျွေးခြင်း စသည်တို့လုပ်ဆောင်ပေးလေ့ရှိပြီး ဟောပြောပွဲအစီအစဉ်များရှိကြပါသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာနခွဲ	ရွာ တွင်း	၃၀*၂၀* သွပ်မိုး၊ အုတ်စီ၊ ကွန်ကရစ်ခင်း	သားဖွားဆရာမ - ၁	လုံလောက်မှုရှိ	
မြို့နယ် ဆေးရုံ	၃၀မိုင်	၂၅ခုတင် ဆန့် ဆေးရုံ	ဆရာဝန် - ၁ သူနာပြု - ၃ သားဖွားဆရာမ - ၄	ဆေးဝါးလုံလောက် သိုလှောင်မှု ပုံစံကောင်း	
ဆေးဆိုင်	-	-	ဆေးဝါးကျွမ်းကျင် သူ (ဟုတ်/မဟုတ်) -	လက်လှမ်းမှီမှု- သိုလှောင်ပုံစနစ်-	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မဏ္ဍိုင်မြို့နယ်ဆေးရုံတို့တွင် အဓိက ထား၍သွားရောက်ပြသ ကြပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမများသည် တစ်လတစ်ကြိမ်ကွင်းဆင်းပြီး လိုအပ်သည်များလုပ်ဆောင်ပေးပါသည်။ ကျေးရွာတွင်ဆေးဆိုင်ရောင်းချသော ဆိုင်များလည်းမရှိပါ။ ကျေးရွာအတွက် ကျန်းမာရေးဝန်ထမ်း တစ်ဦးရှိခြင်းဖြင့်ကျေးရွာရှိ အိမ်ထောင်စုများ အတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှုများရှိလာပါမည်။ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာ ဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါမည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၂၈/၄၈	အကောင်း	✓	✓	✓	
အဝီစိတွင်း/စက်တပ်	-	-	-	-	-	

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
အဝီစိတွင်း/တုံကင်	-	-	-	-	-	
မိုးရေသိုလှောင်ကန်	-	-	-	-	-	
မြစ်/ချောင်း	၃၁	-	✓	✓	✓	
ရေကန်	-	-	-	-	-	
စိမ့်စမ်းရေသွယ်တန်းခြင်း	-	-	-	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာအတွင်းရှိ အိမ်ထောင်စုအချို့မှာ ကိုယ်ပိုင်ရေတွင်းများဖြင့် သုံးစွဲကြပြီး၊အချို့အိမ်ထောင်စုများမှာ ချောင်းရေနှင့် အခြားသူများ၏ ရေတွင်းများတွင်သုံးစွဲကြသည်။ ထိုကျေးရွာအတွင်း ရေသုံးစွဲရန်တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။

(၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ရေလောင်း/ယင်လုံအိမ်သာ	၇၅/၈	တွဲဖက်အသုံးပြုကြသည်လည်းရှိပါသည်။
ကျင်းအိမ်သာ	၁	
မြေ/ရေပေါ်အိမ်သာ	-	
တောထိုင်	၄	
စုစုပေါင်း	၈၈	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ယင်လုံအိမ်သာကိုသာ အသုံးပြုများကြပြီး အချို့အိမ်ထောင်စုမှာလည်း တောထိုင်အိမ်သာကိုသာအသုံးပြုခြင်း၊ အခြားသူပိုင်ဆိုင်သော အိမ်သာများကို ငှားရမ်းအသုံးပြုကြခြင်းတို့ကိုပြုလုပ်ပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန် နှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ လိုအပ်ပါသည်။

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

#	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု		✓	ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	✓		ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့်များ ရရှိကြပါသည်။
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ		✓	
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု		✓	ဟောပြောပွဲများ လုပ်ပေးလျှင် ဗဟုသုတများရရှိနိုင်မည်။
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ **ခဲချောင်း**ကျေးရွာ၏အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းပါသည်။ သို့သော်လည်းကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက်သရော ပါဝင်ကြပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃/၄)	ကောင်း/ သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်း အရှည်
				ပွင့်လင်း ရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၃	ကောင်း	၂၀၁၅		✓	
ရွာချင်းဆက်လမ်း	၁	ညံ့	၂၀၁၂-၂၀၁၃	✓		၉ မိုင်

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာသည် ပြည်ထောင်စုလမ်းမကြီး၏ဘေးတွင် တည်ရှိကာရွာတွင်း လမ်းမှာ ကတ္တရာလမ်းဖြစ်ကာ သွားလာရန်ကောင်းမွန်ပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/သင့်/ညံ့	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
သစ်သားတံတား	၃၀'(၅ခု)	ညံ့	၂၀၁၂-၂၀၁၃		✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာမှ မနိုးလားကျေးရွာသို့သွားသောလမ်းတွင် (ပေ၃၀)ရှည်သော ပေါင်းကူးသစ်သားတံတား(၅)ခုရှိပါသည်။ ထိုပေါင်းကူးတံတားများမှာ နှစ်ကာလကြာကာ အသုံးပြုမှုများသောကြောင့် ဥယျာဉ်များသို့သွားလာရာတွင် အန္တရာယ်များရှိနိုင်ပါသည်။ ထိုသစ်သားတံတားများကို ပြန်လည် ကောင်းမွန်အောင်ပြုပြင်ပေးနိုင်လျှင်ကျေးရွာအတွက် အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။

(၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-	-	-	-
ပင်လယ်ရေကြောင်း	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိသောရွာဖြစ်သောကြောင့် ရေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းမရှိပါ။ ကုန်းလမ်းဖြင့်သာ သယ်ယူပို့ဆောင်ကြကာ ဆိုင်ကယ်၊ ကားတို့ဖြင့် မြိတ်မြို့သို့ ၃နာရီခန့်သွားလာရပါသည်။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	ဘေးတွဲဆိုင်ကယ်	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၄	-	၆	၆၉	၁	၃	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ မနိုးရုံးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်အဖြစ်မော်တော်ဆိုင်ကယ်ကိုသာ အဓိက အသုံးပြုကြသည်။ မြိတ်မြို့မှ ပုံမှန်လာရောက်သော ကုန်ကားများဖြင့်လည်း သယ်ယူပို့ဆောင်ကြပါသည်။ စက်လှေပိုင်ဆိုင်သောသူများသည် ချောင်းများမှတဆင့် အနီးအနားရွာများသို့တခါတရံသွားရောက်ခြင်း၊ ချောင်းများတွင် မိသားစု စားသောက်ရန် ငါးဖမ်းခြင်းများ လုပ်ကိုင်ကြပါသည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	-	-	
ဆိုလာစနစ်	၄၅	သင့်	
အသေးစားရေအားလျှပ်စစ်	-	-	
ဒီဇယ်သုံးအင်ဂျင်	၁၅	သင့်	
လေစွမ်းအင်	-	-	
ဇီဝလောင်စာ	-	-	
ဖယောင်းတိုင်	၃၈	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာတွင် ဒီဇယ်အင်ဂျင်နှင့် ဆိုလာပြားများကိုအသုံးပြုကာ လျှပ်စစ်မီးကိုသုံးစွဲကြသည်။ ဒီဇယ်အင်ဂျင်နှင့် ဆိုလာအသုံးမပြုနိုင်သော အိမ်ထောင်စုများသည် ဖယောင်းတိုင်ကိုသာသုံးစွဲကြသည်။ ဆိုလာပြားများ ရရှိရန်အတွက် ကျေးလက်ဦးစီးဌာနနှင့်

ချိတ်ဆက်ထားပြီး ဖြစ်ပါသည်။ သို့သော်လည်း အိမ်တိုင်းစေ့ ဆိုလာမီးလင်းရေးအတွက် စုစည်းလုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း
အရေအတွက်	၆၈	၁	၂၆	၂၂

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ **ခဲချောင်းကျေးရွာတွင်** မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။ရေဒီယို၊ တီဗွီ၊ဂြိုလ်တုစလောင်းများလည်းရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညများ လက်လှမ်းမီမှုရှိပါသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိပါ။
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	အားကောင်းပါသည်။
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	အားကောင်းပါသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	ဘောလုံးကွင်း/ည့်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	အသင့်အတင့် ရှိကြပါသည်။
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	ဘာသာရေးဘက်တွင် အားသန်ကြပါသည်။
စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု	စာကြည့်တိုက်မရှိပါ/နည်းပါးပါသည်။

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ခဲချောင်းကျေးရွာအပန်းဖြေနိုင်သည့် နေရာများမရှိပါ။ ကျေးရွာရှိ လူငယ်အများစုသည် လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုအားကောင်းပါသည်။ ကျေးရွာတွင်ဘောလုံးကွင်းရှိသော်လည်း မြောင်း၊ ချိုင့်များဖြစ်နေသောကြောင့် အားကစားပြုလုပ်ရန် အားကစားကွင်းမရှိပါ။ ကျေးရွာတွင် စာကြည့်တိုက်လည်းမရှိပါ။ ရွာတွင်းတွင်ဖုန်းလိုင်းများမိသော ကြောင့်အင်တာနက်သုံးစွဲရန်လွယ်ကူပါသည်။ လူငယ်များ၏ဖွံ့ဖြိုးတက်ရေးကဏ္ဍတို့တွင် ကျေးရွာ စာကြည့် တိုက်များ၊ ဘောလုံးကွင်းများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ စာတိုက်မှာ ဘုတ်ပြင်းတွင် ရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိပါ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်	-
ရဲစခန်းများအား လက်လှမ်းမီမှု	မဏ္ဍိုင်ရဲစခန်း-၃၀မိုင်

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ **ခဲချောင်းကျေးရွာတွင်** ဖုန်းလိုင်းများ ကောင်းမွန်သဖြင့် ဆက်သွယ်ရေး လွယ်ကူပါသည်။ ယခင်ကကျေးရွာတွင်ရဲစခန်းရှိသော်လည်း ယခုလက်ရှိတွင် ရဲများ တာဝန် ထမ်းဆောင်ခြင်း မရှိတော့ပါ။ မှုခင်းများ ဖြစ်ပွားပါက များသောအားဖြင့် ပြည်ကြီးမဏ္ဍိုင် ရဲစခန်းတို့ကိုသာသွားရောက်ကြပါသည်။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်/မရှိ	-	-	-	-

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မနိုးရုံးကျေးရွာအတွင်း မှုခင်းဖြစ်ပွားမှုများမရှိကြပါ။

၅။နောက်ဆက်တွဲများ

<u>ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်</u>

ကျေးရွာ-ခဲချောင်း အုပ်စု -မနိုးရုံး

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု						
	• လက်ရှိကျေးရွာအဖွဲ့အစည်းများ စွမ်း ဆောင်ရည် အားနည်း ခြင်း ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများ နေရာမရခြင်း။	• ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူ နည်းခြင်း။ • ကျေးရွာအဖွဲ့အစည်းများ စွမ်းဆောင်ရည် မြင့်တင်ရေး အစီအစဉ်များမရရှိခြင်း၊ • စီမံကိန်းရေးဆွဲ၍ ကျေးရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော် သည့် စနစ်မရှိသေးခြင်း၊ • ဓလေ့ထုံးစံအရ	• ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအကောင် အထည်ဖော်နည်းများ အား အသက်မွေးဝမ်း ကျောင်း ဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုး စီမံကိန်းရှိခြင်း	• ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စွမ်းရည်မြှင့် တင်ရေးအတွက် မြို့နယ် အဆင့်မှ နည်းပညာ အကူ အညီများ စဉ်ဆက်မပြတ် ရရှိနိုင်မည့် အစီအစဉ်များ မရှိခြင်း	• ကျေးရွာအသက်မွေး ဝမ်းကျောင်းစီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ်သော အဖွဲ့များ ဖွဲ့စည်းခြင်း(အဖွဲ့များတွင် အမျိုးသား အမျိုး သမီး အချိုးကျ ဖွဲ့စည်းခြင်း။) • ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက် ခြင်း	• ၁။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ များစွမ်းရည်မြှင့်တင်ခြင်း။

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ကျေးရွာမီးလင်းရေး						
	• အချိန်ပြည့် မီးမလင်း နိုင်ခြင်း	• ပင်မ ဓာတ်အားလိုင်း မရှိ ခြင်း၊ • ပုဂ္ဂလိကမီးပေးရေး လုပ်ငန်းများမရှိခြင်း။ • ဆိုလာပြားများ အိမ်တိုင်းစေ့ ဝယ်ယူ အသုံးမပြုနိုင်ခြင်း၊	• ဆိုလာမီးအသုံးပြုနိုင် ခြင်း	•	• ဆိုလာမီး သုံးစွဲမှု တိုးတက် လာစေရန် နည်းပညာ အကူအညီရရှိရေး အတွက် သက်ဆိုင်ရာဦးစီးဌာန) နှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊ • ပုဂ္ဂလိက မီးပေးရေးနှင့် ဆက်သွယ်ခြင်း။	ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်း
–	**ကဏ္ဍ - သီးနှံထုတ်လုပ်ရေး**					
	မြေနေရာ၊ မျိုးကောင်း မျိုးသန့်ပျိုးပင်များ မရှိခြင်း၊နည်းပညာ နည်း ပါးခြင်း၊	• ဓါတ်မြေဩဇာသုံးစွဲမှု မရှိ ခြင်း၊ • သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊	• နှစ်ရှည်သီးနှံခြံများ တွင် နှစ်တိုသီးနှံများ အား ကလတိုဝင်ငွေရ သီးနှံအဖြစ်စိုက်ပျိုး ထုတ်လုပ်	• ဈေးကွက်နှင့် အလှမ်းဝေး ခြင်း။	• စိုက်ပျိုးရေနည်းပညာ များပို့ ချပေးခြင်း။ • ဈေးကွက်ဆိုင်ရာ ချိတ်ဆက်ပေးခြင်း • သဘာဝဓာတ်မြေဩဇာ	သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှု များ ရရှိအောင် ဆောင် ရွက်ခြင်း၊

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	ဖျက်ပိုးနှင့်ရောဂါကျ ရော က်ခြင်း။	• အရင်းအနှီးလုံလောက်မှု မရှိခြင်း။	နိုင်ခြင်းစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ခြင်း။		လုပ်နည်းရောဂါပိုးကာကွယ်ရေးနည်းပညာများတောင်းခံခြင်း၊ • သီးနှံစိုက်ပျိုးရေးဆိုင်ရာနည်းပညာများတောင်းခံပေး ခြင်း၊ •	
ကဏ္ဍ - မွေးမြူရေး						
	• ဝက်၊ ကြက်ရောဂါကျရောက်၍ဆုံးရှုံး ခြင်း	• ကာကွယ်ဆေးထိုးသည့်အစီအစဉ်များ မရှိခြင်း၊ • ငွေကြေးအရင်းအနှီးအားနည်းခြင်း။ • စျေးကွက်ချိတ်ဆက်မှုအား နည်းခြင်း။	• အမျိုးသမီးများမှ မိသားစုဝင်ငွေရလုပ်ငန်းများအတွက် တိရိစ္ဆာန်များမွေးမြူနိုင်ခြင်း။	• တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးနည်းပညာဝန်ဆောင်မှုများ ရှိသော်လည်းကျေးရွာသို့ လာရောက်ကုသပေးရန်မလွယ်ကူခြင်း	• အတိုးနှုန်းသက်သာသောချေး ငွေများရရှိရန် စီစဉ်ခြင်း၊ • တိရိစ္ဆာန်ကာကွယ်ရေးနည်း ပညာများရရှိရန် ဌာနများနှင့် ချိတ်ဆက်ပေးခြင်း။	တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင် နိုင်အောင် ဆောင်ရွက်ခြင်း။

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ						
	• အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း • အသက်မွေးဝမ်းကျောင်း ဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း	• အတန်းပညာတတ်မြောက်သူ နည်းခြင်း၊ • ပြင်ပထွက် လေ့လာမှု အား နည်းခြင်း၊ • မိရိုးဖလာဥယျာဉ်ခြံလုပ်ငန်းကိုသာလုပ်ကိုင်ကြခြင်း	• ဝင်ငွေရလုပ်ငန်း လုပ်ကိုင် ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း • ဥယျာဉ်ခြံသီးနှံ ထွက်ကုန် များအား ကုန်ချောပြုလုပ် ရန် အခွင့်အလမ်းများ ရှိခြင်း၊ • ဒေသထွက်ကုန်ကြမ်းများပေါများခြင်း	• လုပ်ငန်းအခွင့်အလမ်း တိုးတက်ရေးစီမံကိန်းများ ဒေသတွင်း၌ မရှိခြင်း။ • အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာပို့ချမှုမရှိခြင်း။	• အမျိုးသမီး/လူငယ်များ အတွက်အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ပို့ချ ပေးခြင်း။	စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် နိုင်ရန် ဆောင်ရွက်ခြင်း(စက်ချုပ် သင်တန်း၊မုန့်လုပ် နည်းပညာ)
ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း						
	• သင့်တင့်သော ချေးငွေ ရရှိရန် ခက်ခဲခြင်း။	• ကျေးရွာတွင်ချေးငွေ ဝန်ဆောင်မှုလုပ်ငန်းများ မရှိခြင်း။	• ကျေးရွာလူမျိုးစု အချင်းချင်းတစ်ဦးနှင့် တစ်ဦးရိုင်းပင်း ကူညီမှုရှိခြင်း။		• အတိုးနှုန်းသက်သာသော ငွေချေးရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေး ခြင်း။	၉။ ချေးငွေရရှိရေး ဆောင်ရွက်ခြင်း။

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - ပညာရေး						
	• အလယ်တန်း ကျောင်းမရှိခြင်း။	• ကျေးရွာတွင်မူလတန်း အထိ သာရှိခြင်း။ • ပညာရေးကုန်ကျစရိတ်များ လာခြင်း၊ • အခြားကျေးရွာများတွင် သွားရောက် တက်ရောက်ရခြင်း။	• ကျောင်းဆောက်လုပ်ရန် မြေနေရာရှိခြင်း။		ပညာရေးအား စိတ်ဝင်စားမှု မြင့်မားလာစေရန်အသိ ပညာပေးလုပ်ငန်းများ ဆောင်ရွက် ခြင်း၊	• ပညာတတ်မြောက်မှုတိုးတက်လာအောင်ဆောင်ရွက်ခြင်း
ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး						
	• သောက်သုံးရေလက် လှမ်းမီမှုတိုးတက်ရန် လိုအပ်ခြင်း၊ • အမှိုက်များစနစ်တကျစွန့်ပစ်မှု အားနည်းခြင်း • ကျန်းမာရေး	• အခြေခံကျန်းမာရေးဆိုင်ရာ များအား အလေးထားမှု အားနည်းခြင်း • ချောင်းရေရှိသော်လည်း ရေငံဝင်ရောက်မှုရှိခြင်း။ • သွေးလွန်တုတ်ကွေး ရောဂါ၊	• ရေလောင်းအိမ်သာများ သုံးပြုခြင်း • တွင်းရေရရှိနိုင်ခြင်း။ • ရေသေပတ်များတွင် ချောင်းရေမှသောက်သုံး ရေရရှိနိုင်ခြင်း။	• တစ်ဖာလုံအကွာတွင် ဆေးပေးခန်းရှိသော်လည်း ဘက်စုံသားဖွားဆရာမ အချိန်ပြည့်မရှိခြင်း။	• အခြေခံကျန်းမာရေး အသိ ပညာပေး ဟောပြောပွဲများ ပုံမှန်ပြုလုပ်ခြင်း၊ • ရေတွင်းရေကန်ပြုလုပ်ပေး ခြင်း။	ရေတွင်းရေကန်ပြုလုပ်ပေးရန်၊ အိမ်တိုင်ရာ ရောက်ရေ ပိုက်သွယ်တန်းပေးရန်၊

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	ဆေးပေးခန်း မရှိခြင်း။	ဝမ်းပျက်ဝမ်းလျှောရောဂါ အဖြစ်များခြင်း။ • ခြင်နှင်ပတ်သက်၍ လိုအပ်သောကာကွယ်မှုများမရှိခြင်း(ခြင်ဆေးဖျန်းခြင်း)				
ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ						
	• အစည်အဝေးများ ပြုလုပ်ရန်အတွက် အဆောက်အဦးမရှိခြင်း	• အဆောက်အဦးဆောက်လုပ်ရန်ငွေကြေးမရှိခြင်း	• အဆောက်အဦးဆောက်လုပ်ရန်မြေနေရာရှိခြင်း၊ကျေးရွာ၏လုပ်အားရှိခြင်း	• ငွေကြေးမရှိခြင်း	• ရွာပိုင်အဆောက်အဦးများရရှိရန်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ပေးခြင်း	ရွာပိုင်အဆောင်အဦးလိုအပ်ခြင်း
ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု						
	လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်မရှိခြင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်မှုအားနည်းခြင်း၊	• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲဆောင်ရွက်သည့်ဗဟုသုတနှင့် အလေ့အထ မရှိခြင်း၊ စာဖတ်မှုအားနည်းခြင်း၊	ကျေးရွာတွင်စာကြည့်တိုက် ရှိခြင်း၊	•	• လူငယ် ဖွံ့ဖြိုးရေး လုပ်ငန်း များ လေ့လာဆောင်ရွက်နိုင်ရန် ကူညီပေးခြင်း၊	၁၅။ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက် ခြင်း

စဉ်	အခက်အခဲ/ ပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ ဇစ်မြစ်	အခြေအနေကောင်းများ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး						
	• အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း • သစ်တောများ ပြုန်းတီးလာခြင်း •	• စားကျက်မြေမရှိခြင်း၊ တိရိစ္ဆာန်မျိုးစိတ်များ ရှားပါးလာခြင်း၊ • အမှိုက်များ စွန့်ပစ်ရန် မြေနေ ရာ/သတ်မှတ် မထားခြင်း • ပတ်ဝန်းကျင်ထိန်းသိမ်း ရေး ဆိုင်ရာ အသိပညာ အားနည်း ခြင်း	• သစ်တော ထိန်းသိမ်းရေးရှိခြင်း	•	• သစ်တောထိန်သိမ်းရေး ဆိုင်ရာအသိပညာပေး ဟောပြောပွဲများပြုလုပ် ပေးခြင်း • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။	သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးလုပ်ငန်းများလုပ် ဆောင်ပေးခြင်း။

<u>အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ</u>

ကျေးရွာ- ခဲချောင်း　　အုပ်စု -မနိုးရုံး　　ရက်စွဲ- ၁.၁၂.၂၀၂၁

ဦးစားပေး အဆင့်	ဦးစားပေးလုပ်ငန်းများ
၁	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း အမှတ်(၁)
၂	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း အမှတ်(၂)
၃	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
၄	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း
၅	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း အမှတ်(၃)